# ထိုင်းနိုင်ငံ၏ သီးနှံဇုန်များသတ်မှတ်စိုက်ပျိုးခြင်းအပေါ် သဘောထားအမြင်များ သို့မဟုတ် စိုက်ပျိုးရေးဇုန် သတ်မှတ်ခြင်း၏ အားသာချက်များနှင့် အားနည်းချက်များအား လေ့လာတင်ပြခြင်း

စိုက်ပျိုးရေးဇုန်စီမံကိန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်ပါသည်။ သို့ဖြစ်ရာ ဘက်ပေါင်းစုံမှ အချက်အလက်များစွာကို ထည့်သွင်းစဉ်းစား၍ စီမံချက်များဖြင့် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဇုန် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရှင်းလင်းသောမူဝါဒ အပါအဝင် အစိုးရ၏ ပံ့ပိုးကူညီမှုသည် အရေးကြီးသကဲ့သို့ လယ်သမားများ သို့မဟုတ် တောင်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အောင်မြင်မှု၏ သော့ချက်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌ထုတ်လုပ်မှုမြှင့်တင်ရန်၊ သီးနှံဈေးနှုန်းများ တည်ငြိမ်စေရန် ရည်ရွယ်ချက်များဖြင့် သီးနှံဇုန်စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ စိုက်ပျိုးရေးဇုန် စီမံချက်ကို အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း (၁၉၈၂-၁၉၈၆) တွင်လည်း ထည့်သွင်းရေးဆွဲခဲ့ကြောင်း၊ သို့ရာတွင် လယ်သမားများ၏ ပူးပေါင်းပါဝင်မှု မရရှိခဲ့သောကြောင့် စီမံကိန်း မအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် စပါး စိုက်ပျိုးရန် မသင့်တော်သော မြေများတွင် စပါးစိုက်ပျိုးနေခြင်းသည် လယ်သမားများအား ဆင်းရဲမှုမှ ရုန်းထွက်ရန် ခက်ခဲစေပါသည်။ သို့ဖြစ်ရာ သီးနှံရောင်းလိုအားနှင့် ဈေးနှုန်းများ တည်ငြိမ်စေရေး အထောက်အကူပြုနိုင်ပြီး လယ်သမားများ ဝင်ငွေတိုးတက် ရရှိစေနိုင်သည့် စိုက်ပျိုးရေးဇုန်များ သို့မဟုတ် သီးနှံဇုန်များ သတ်မှတ်စိုက်ပျိုးခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများမှ ကြိုးစားဆဲဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌ ဆန်နှင့်ရာဘာဈေးနှုန်းများ ကျဆင်းခဲ့ပြီးနောက်ပိုင်းပြီးခဲ့သည့်နှစ်၌ သီးနှံဇုန်စီမံကိန်းသည် အရေးပေါ်ဆွေးနွေးရမည့် ကိစ္စဖြစ်လာခဲ့ပါသည်။ ဈေးကွက်ဝယ်လိုအားသည် ဒေသအလိုက် ကွဲပြားပြီး ရောင်းလိုအား ကွင်းဆက်ကို ထောက်ကူပေးရန် အခြေခံ အဆောက်အဦ (hard and soft infructures) များ ပြင်ဆင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးအတွက် သီးနှံဇုန်များ သတ်မှတ်ခြင်းသည် ပြည့်စုံသော ဖြေရှင်းချက် တစ်ခု မဖြစ်နိုင်ဟု ယူဆရပါသည်။

ဒေသအသီးသီးအနေဖြင့် သီးနှံတစ်မျိုးမျိုးအတွက် စိုက်ပျိုးထုတ်လုပ် ဖြန့်ချိခြင်းကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးပါက သီးနှံဇုန်များ သတ်မှတ်စိုက်ပျိုးခြင်းကို မိမိဆန္ဒအရ ဆောင်ရွက်မှု (voluntary basis) ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ရောင်းလိုအား ပိုလျှံမှုကြောင့် ဆန်နှင့် ရာဘာဈေးနှုန်းများ ထိုးကျခဲ့ရာ သီးနှံဇုန်များသတ်မှတ် စိုက်ပျိုးရေးနှင့်ပတ်သက်၍

ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပါသည်။ သီးနှံဇုန် စီမံကိန်းများသည် အနာဂတ်တွင် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ လမ်းကြောင်းကို လုံး၀ ပြောင်းလဲသွားစေနိုင်သောကြောင့် ၎င်း၏ အားသာချက်များနှင့် အားနည်းချက်များကို ဆွေးနွေးခဲ့ကြပါသည်။

The Nation သတင်းစာမှလည်း ကျွမ်းကျင်သူများနှင့် ကုမ္ပဏီများကို တွေ့ဆုံမေးမြန်းခဲ့ရာ သီးနှံဇုန်များ သတ်မှတ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားသင့်သည့် အကျိုးအပြစ်များ တစ်နည်းအားဖြင့် အားသာချက်၊ အားနည်းချက်များ ရှိနေသည်ကို တွေ့ရှိရပါသည်။ သီးနှံဇုန်များသတ်မှတ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ သဘောထားအမြင် သို့မဟုတ် ယူဆချက်များကို အားသာချက်များနှင့် အားနည်းချက်များဟူ၍ ခွဲခြားတင်ပြအပ်ပါသည်။

**အားသာချက်များ**

သီးနှံဇုန်စီမံကိန်းသည် လယ်ယာစိုက်ပျိုးရေး၀န်ကြီးဌာန၏ အဓိကစီမံကိန်းများအနက် တစ်ခုဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး၀န်ကြီးဌာနသည် သီးနှံများအတွက် စိုက်ပျိုးရေးဇုန်များ အဓိကအားဖြင့် ဆန်၊ ရာဘာ၊ ဆီအုန်း၊ ကြံ၊ ပီလောပီနံနှင့် ပြောင်းတို့အတွက် သီးနှံဇုန် စီမံကိန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး ၀န်ကြီးဌာနသည် ဒေသအချို့တွင် ဆန်ပိုလျှံမှု ပြဿနာကိုဖြေရှင်းရန် အစားထိုးသီးနှံဇုန်များ သတ်မှတ်ခဲ့ပါသည်။ အစားထိုးသီးနှံဇုန်များ သတ်မှတ်ခြင်းကို ရေသွင်းစိုက်ပျိုးရေးစနစ်၊ ဆန်စက်များနှင့် သိုလှောင်ရုံများနှင့် ဝေးလံသောဒေသများရှိလယ်သမားများမှ လက်ခံကျင့်သုံးလိမ့်မည်ဟု မျှော်လင့်ထားပါသည်။ကြံကဲ့သို့သော စီးပွားဖြစ်သီးနှံများ ၀ယ်လိုအားသည် မြင့်မားဆဲ ဖြစ်ပါသည်။

သီးနံဇုန်များသတ်မှတ်စိုက်ပျိုးခြင်းသည် ဆန် သို့မဟုတ် သီးနှံအချို့၏ ဈေးနှုန်းများ သိသိသာသာ ထိုးကျသွားခြင်းမရှိစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ရောင်းလိုအားကိုလည်းထိန်းနိုင်မည် ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး ၀န်ကြီးဌာန ၀န်ကြီး Mr. Chatchai က ပြောကြားခဲ့ပါသည်။

ကုမ္ပဏီများသည် ဈေးကွက်၀ယ်လိုအားအပေါ် ရှင်းလင်းသော တုန့်ပြန်မှုပေးပြီး၊ လယ်သမားများအနေဖြင့် ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ၏ ၀ယ်လိုအားကို ဖြည့်စွမ်းပေးနိုင်စေရန် သီးနှံများ ဖွံ့ဖြိုးရေးအတွက် ကူညီပေးနိုင်သောကြောင့် အစိုးရအနေဖြင့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ဆန်စပါးလုပ်ငန်းသည် ရေရှည်ဖွံ့ဖြိုးရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်လျက် ရှိကြောင်း၊ သီးနှံဇုန်များသတ်မှတ်ခြင်းသည် ဆန်နှင့် အခြားသော သီးနှံများ၏ ဈေးနှုန်းများ ကျဆင်းသည့် ပြဿနာ ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သည်ဟု ထိုင်းကုန်သည်ကြီးများ အသင်း ဥက္ကဋ္ဌ Mr. Isara က ယူဆပါသည်။

ပြည့်စုံလုံလောက်သော စီးပွားရေး (sufficiency economy) အယူအဆနှင့် ထုတ်လုပ်မှုစွမ်းရည် တိုးတက်ကောင်းမွန်စေရန်နှင့် ထုတ်လုပ်မှုစရိတ် လျှော့ချရန် ခေတ်မီ စိုက်ပျိုးမွေးမြူရေး နည်းပညာများနှင့်အတူ သီးနှံဇုန်သတ်မှတ်ခြင်းကို ကျင့်သုံးသင့်ပါသည်။ စပါး စိုက်ပျိုးရန် မသင့်တော်သော ဒေသများတွင် အစားထိုး စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရန် စဉ်းစားသင့်ပါသည်။ ဆန်ရောင်းလိုအား အလွန်အကျွံ ပိုလျှံခဲ့ခြင်းသည် လယ်သမားများအား နှစ်စဉ် ထောက်ပံ့ပေးရသည့် အစိုးရအတွက် ငွေကြေးဆိုင်ရာ ဝန်ထုတ်ဝန်ပိုးကို ဖြစ်စေခဲ့ပါသည်။

ထိုင်းကုန်သည်ကြီးများအသင်း၏ လေ့လာမှုတွင် ထိုင်းနိုင်ငံ၌ စပါးစိုက်ပျိုးဧရိယာ ရိုင် သန်း ၇၀ (ဟက်တာ ၁၁.၂ သန်း) ရှိကြောင်း၊ သို့ရာတွင် ရိုင် ၂၇ သန်း သည် စပါးစိုက်ပျိုးရန် မသင့်တော်ကြောင်း၊ ရေသွင်းစိုက်ပျိုးဧရိယာ ပြင်ပတွင် ရှိနေခြင်းနှင့် သင့်တော်သော မြေဆီလွှာအရည်အသွေး မရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ အဆိုပါ မြေများ၌ ပြောင်း၊ ပီလောပီနံ၊ ကြံ၊ ဆီအုန်း၊ ရာဘာ စသည့် အခြားသော စီးပွားဖြစ်သီးနှံများ တိုးမြှင့်စိုက်ပျိုးသင့်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းလယ်သမားများ၏ ဝင်ငွေရရှိမှုသည် အမျိုးမျိုးကွဲပြားပါသည်။ ပျမ်းမျှအားဖြင့် စိုက်ပျိုးသူများ၏ ဝင်ငွေ (အသားတင်အမြတ်)သည် ဆီအုန်း တစ်ရိုင်လျှင် ဘတ် ၅၇၆၈ ၊ ကြံ တစ်ရိုင်လျှင် ဘတ် ၅၇၀၈၊ ရာဘာတစ်ရိုင်လျှင် ဘတ် ၅၁၂၈၊ ပြောင်း တစ်ရိုင်လျှင် ဘတ် ၁၁၉၆၊ ပီလောပီနံ တစ်ရိုင်လျှင် ဘတ် ၁၀၄၅နှင့် စပါး တစ်ရိုင်လျှင် ၅၀၄ ဘတ် ခန့်သာ ဖြစ်ပါသည်။ စပါးစိုက်ပျိုးသူများအနေဖြင့် စရိတ်များ လျှော့ချနိုင်ရန် ၎င်းတို့၏ စိုက်ပျိုးမြေ များကို ပေါင်းစပ်၍ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

သီးနှံအရည်အသွေးကို ထိန်းနိုင်ရန် စပါးစိုက်ပျိုးရေးဇုန်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို အားလုံးသိရှိအောင် ဆောင်ရွက်သင့်ကြောင်း ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၌ စပါးအမျိုးအစားအားလုံးစိုက်ပျိုးသော ဒေသများ ရှိပါသည်။ စပါး စိုက်ပျိုးရာတွင် မျိုးစေ့များ ရောနှောနေတတ်ပါသည်။ စပါးအသီးသီး၏ အရည်အသွေးသည် အမျိုးမျိုးကွဲပြားရာ ဆန်ကုန်သည်များအတွက် ပြဿနာများ/ အခက်အခဲများ

ဖြစ်ပေါ်စေပါသည်။ စိုက်ပျိုးရေးဇုန်များ ခွဲခြားသတ်မှတ်စိုက်ပျိုးပါက ကုန်သည်များအနေဖြင့် စပါးအမျိုးအစားကို ရှင်းလင်းစွာ ခွဲခြားနိုင်မည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်နှင့်အညီ မှန်ကန်သော ကုန်စည် (ဆန်) ကို ရောင်းချပေးနိုင်မည်ဖြစ်ပါသည်။

ဥပမာအားဖြင့် အရှေ့မြောက်ပိုင်းဒေသသည် စံပါယ်ဆန်မွှေး စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်သင့်ကြောင်း၊ မြောက်ပိုင်းဒေသသည် ဆန်မာ အမျိုးအစားကို တိုးမြှင့် စိုက်ပျိုးသင့်ကြောင်း၊ အလယ်ပိုင်း ဒေသအနေဖြင့် pathun ဆန် အမျိုးအစားကို စိုက်ပျိုးသင့်ကြောင်း အကြံပြုကြပါသည်။ ထိုင်းနိုင်ငံအနေဖြင့် စပါးစိုက်ပျိုးခြင်းအတွက် ဇုန်များ သတ်မှတ်ထားပါက ဆန်စက်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများသည် တူညီသော စံချိန်စံညွှန်းကို ထိန်းထားနိုင်မည်ဖြစ်ပြီး ဈေးကွက်အသီးသီး၏ ဝယ်လိုအားကိုလွယ်ကူစွာ ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ပါသည်။

ထိုင်းဆန်အရည်အသွေးသည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း၌ ထိုးကျသွားခဲ့ ပါသည်။ ထိုင်းဆန်သည် အရည်အသွေးနိမ့်ပြီး ဈေးနှုန်းမြင့်မားသောကြောင့် များစွာသော ဆန်ဝယ်ယူသူများသည် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား စသည့် အခြားသော နိုင်ငံများမှ ပြောင်းလဲဝယ်ယူခဲ့ကြပါသည်။ ထိုင်းဆန် အထူးသဖြင့် စံပါယ်ဆန်မွှေးနှင့် ဆန်ဖြူတို့၏ အရည်အသွေးသည် ဆိုးရွားစွာ ကျဆင်းခဲ့ကြောင်း၊ ချက်ပြုတ်ပြီးဝင်း၏ အနံ့နှင့် အရသာ (ထမင်း၏ အနံ့အရသာ) သည် ယခင်ကနှင့် ကွာခြားလျက်ရှိကြောင်း Mr. Chookiat က ပြောကြားခဲ့ပါသည်။

**အားနည်းချက်များ**

သီးနှံဇုန်များ သတ်မှတ်စိုက်ပျိုးခြင်းကို ထောက်ပံ့ရန် အခြေခံအဆောက်အဦ (hard and soft infructure) ဖွံ့ဖြိုးရေးအတွက် ရေရှည်တည်ဆောက်ပြုပြင်ရန် လိုအပ်ဆဲ ဖြစ်ပါသည်။ hard infructure တွင် ဆည်မြောင်းစနစ်၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ ပို့ဆောင်ရေးစနစ်များ၊ ရေအရင်းအမြစ်များဖွံ့ဖြိုးရေး၊ မြေဆီလွှာ အရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းများပါဝင်ပါသည်။ ထို့ပြင် ပြည်ပတင်ပို့မှုအတွက် သိုလှောင်ရုံများ၊ ထုတ်လုပ်မှု စက်ရုံများ၊ ကားလမ်းများ၊ ရထားလမ်းများ စသည့် အခြေခံ အဆောက်အဦများလည်း ပါဝင်ပါသည်။

ဒေသအသီးသီး၌ ဖြစ်ပေါ်လေ့ရှိသော ရေကြီးရေလျှံမှု၊ မုတ်သုံလေ၊ မိုးခေါင်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားထားရန် လိုအပ်ပါသည်။ အခြားထည့်သွင်းစဉ်းစားရမည့် အချက်များမှာ သက်ဆိုင်ရာဒေသ၏ ရောင်းလိုအား၊ ဝယ်လိုအား၊ ပြည်ပတင်ပို့နိုင်စွမ်း၊ ဈေးနှုန်းနှင့် အမြတ်အစွန်းရရှိနိုင်မှု၊

ထုတ်လုပ်မှုစရိတ်၊ သီးနှံအလိုက် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ အရေအတွက်၊ အထွက်နှုန်း၊ စီးပွားရေးအခြေအနေများ စသည်တို့ ဖြစ်ပါသည်။

သီးနှံဇုန်များ အကောင်အထည်ဖော်ခြင်းအတွက် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက် သည် စိုးရိမ်ရမည့် အချက်တစ်ချက် ဖြစ်ပါသည်။ လယ်သမားအရေအတွက်၊ ရည်ရွယ်သည့် အုပ်စုများ သို့မဟုတ် စားသုံးသူအရေအတွက်၊ အသင့်ဖြစ်မှု၊ အလားအလာ၊ စိတ်ဝင်စားမှု၊ အသိပညာဗဟုသုတ၊ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ ပစ္စည်းကိရိယာများ၊ နည်းပညာအသုံးပြုမှု၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပုဂ္ဂလိကအေဂျင်စီများ၊ သမဝါယမများ၊ လယ်သမားများနှင့် အရာရှိများအား လေ့ကျင့်သင်ကြားခြင်း စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပါသည်။

အစိုးရအနေဖြင့် စပါးဆက်လက်စိုက်ပျိုးနိုင်ရန် ထောက်ပံ့ပေးသင့်သော အုပ်စု သို့မဟုတ် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးသင့်သော အုပ်စု စသည်ဖြင့် ရွေးချယ်နိုင်ရန် လယ်သမားများအား အုပ်စု (၄) စု ခွဲခြားသတ်မှတ်ရန် လိုအပ်ပါသည်။ ဆည်မြောင်းစနစ် (ရေသွင်းစိုက်ပျိုးရေးစနစ်)နှင့် လုံလောက်သော မိုးရွာသွန်းမှုရှိသော ဒေသများ၌ ပျမ်းမျှအားဖြင့် စိုက်ပျိုးမြေ ရိုင် ၇၀-၉၀ ရှိ အိမ်ထောင်စု ၉ သိန်းခန့်ကို ပထမ အုပ်စုအဖြစ်သတ်မှတ်၍ စပါးဆက်လက် စိုက်ပျိုးရန် အားပေးသင့်ပါသည်။ သို့ရာတွင် အစိုးရအနေဖြင့် အဆိုပါအုပ်စုအား အရည်အသွေးပြည့်မီသော စပါးမျိုးများ စိုက်ပျိုးရန် တိုက်တွန်းအားပေးရမည်ဖြစ်ပါသည်။ ၎င်းတို့သည် ငွေကြေးထောက်ပံ့မှု မလိုအပ်သော အုပ်စု ဖြစ်ပါသည်။

ဒုတိယ အုပ်စုတွင် သမားရိုးကျမဟုတ်သော စပါးစိုက် လယ်သမား ၁၀,၀၀၀ ခန့် ပါဝင်ပါသည်။ ၎င်းတို့အား ကျန်းမာရေး အထူးဂရုစိုက်သော စားသုံးသူများရှိသည့် ဈေးကွက်များ ကဲ့သို့သော အကျိုးအမြတ်များသော ဈေးကွက်များ သို့မဟုတ် စီးပွားရေး အခွင့်အလမ်းကောင်းသော ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် အော်ဂဲနစ် သို့မဟုတ် အရည်အသွေးမြင့် စပါးအမျိုးအစားများကို စိုက်ပျိုးရန် တိုက်တွန်းသင့်ပါသည်။

တတိယအုပ်စုတွင် ပါဝင်သည့် အသေးစားနှင့်အလတ်စား လယ်သမား အိမ်ထောင်စု ၁.၇-၂ သန်းအား အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် သို့မဟုတ် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များနှင့် ပြည့်စုံလုံလောက်သော စီးပွားရေးပုံစံ (sufficiency-economy model) ကိုအသုံးပြုရန် တွန်းအားပေးသင့်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် ရေသွင်းစိုက်ပျိုးရေးဒေသများ၏ ပြင်ပတွင် ရှိနေပါသည်။ အစိုးရအနေဖြင့် ၎င်းတို့အား ဆန်ထက် အခြားသီးနှံများကို စိုက်ပျိုးရန် သို့မဟုတ် ဝင်ငွေ ပိုမိုမြင့်မားစွာ ရရှိနိုင်ရန် လယ်ယာ စိုက်ပျိုးရေးနည်းလမ်းများ ပေါင်းစပ်သည့်ပုံစံသို့ ပြောင်းလဲရန် တွန်းအားပေးသင့်ပါသည်။

နောက်ဆုံးအုပ်စုသည် မြေဆီလွှာအရည်အသွေးနိမ့်သော ဝေးလံသည့်ဒေသများတွင် နေထိုင်သော ဆင်းရဲသော လယ်သမားများ ဖြစ်ပါသည်။ ၎င်းတို့အား စပါးစိုက်ပျိုးခြင်းကို စွန့်လွှတ်ပြီး အခြားသီးနှံများကို စိုက်ပျိုးရန် သို့မဟုတ် လယ်ယာစိုက်ပျိုးခြင်းမဟုတ်သည့် အခြားသော အလုပ်များကို ပြောင်းလဲ လုပ်ကိုင်ရန် အားပေးကူညီသင့်ပါသည်။ အဆိုပါ အုပ်စုတွင် အိမ်ထောင်စု ၁ သန်းမှ ၁.၃ သန်း ရှိပါသည်။ ၎င်းတို့ ဝင်ငွေ၏ ၁၆ % သာလျှင် စပါးစိုက်ပျိုးမှုမှ ရရှိခြင်း ဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဇုန်သတ်မှတ်ထားသော သီးနှံဇုန်များကိုသာ အာရုံစိုက်မည်၊ နှစ်တိုင်းတွင် ပြည်တွင်း၊ ပြည်ပဈေးကွက်သည် မျှော်လင့်ထားသည့်အတိုင်း တုံ့ပြန်မည် ဟူ၍ မည်သူမျှ သေချာစွာ ပြောဆိုနိုင်မည်မဟုတ်ကြောင်း၊ဈေးကွက်ဝယ်လိုအားသည် တည်ငြိမ်မှု မရှိဖြစ်နေကြောင်း၊ သို့ဖြစ်ရာ ဝယ်လိုအား တည်ငြိမ်မှသာလျှင် သီးနှံဇုန်များသတ်မှတ်သည့်မူဝါဒကို အသုံးပြုသင့်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် တစ်စိတ်တစ်ဒေသသာ ဇုန်သတ်မှတ်ခြင်း (partial zoning) ကို ကျင့်သုံးပြီး သီးနှံများအတွက် value-added supply chain ဖွံ့ဖြိုးရေးကို ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်ကြောင်း Knowledge Network Institute of Thailand မှ စီးပွားရေး ပညာရှင် Mr. Somporn က သုံးသပ်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၌ စိုက်ပျိုးရေးဇုန်များ သတ်မှတ်စိုက်ပျိုးခြင်းသည် အောင်မြင်နိုင်ခြင်း ရှိ/ မရှိသည် စဉ်းစားဖွယ် ဖြစ်နေပါသည်။ သီးနှံဇုန်သတ်မှတ်ခြင်းအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များစွာ ရှိနေပါသည်။ ဒေသ၊ သီးနှံနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အခြေအနေကို လေ့လာ၍ ထည့်သွင်းစဉ်းစား သုံးသပ်ရမည်ဖြစ်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ထည့်သွင်း စဉ်းစားရမည့် အချက်များကို ဒေသ၊ သီးနှံနှင့် လူ့စွမ်းအားအရင်းအမြစ်ဟု ကဏ္ဍခွဲခြား၍ အောက်ဖော်ပြပါ အတိုင်း တင်ပြအပ်ပါသည် -

(က) ဒေသ

- စိုက်ပျိုးရန် သင့်တော်သော နေရာဒေသ (မြေဆီလွှာ၊ မိုးရွာသွန်းမှု၊ စိုထိုင်းဆ)
- ဆည်မြောင်းစနစ်
- သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး
- ကုန်ထုတ်လုပ်သည့် စက်ရုံများ
- သဘာဝဘေးအန္တရာယ်များ
- အခြေခံအဆောက်အဦဖွံ့ဖြိုးမှု

(ခ) သီးနှံ

- ဝယ်လိုအားနှင့် ရောင်းလိုအား
- ဈေးနှုန်း၊ ထုတ်လုပ်မှုစရိတ်၊ အမြတ်
- ပြုပြင်ထုတ်လုပ်သည့် စက်ရုံလိုအပ်ချက် (အရေအတွက်)
- စိုက်ပျိုးသည့်ကာလ၊ သီးနှံပြက္ခဒိန်
- စိုက်ပျိုးရာသီ၊ ရာသီဥတု
- တစ်ရိုင် အထွက်နှုန်း
- ကမ္ဘာ့စီးပွားရေး အခြေအနေ
- ပြည်ပဝယ်လိုအား

(ဂ) လူ့စွမ်းအားအရင်းအမြစ်များ

- လယ်သမားအရေအတွက်
- ရည်ရွယ်သည့်အုပ်စုများ၊ စားသုံးသူအရေအတွက်
- အသင့်ရှိနေမှု၊ အလားအလာ၊ စိတ်ဝင်စားမှု
- အသိပညာဗဟုသုတ၊ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊
- ပစ္စည်းကိရိယာများ
- နည်းပညာ
- အစိုးရဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု
- သမဝါယမလုပ်ငန်းများ
- သင်တန်း၊ လိမ္မာပါးနပ်သော လယ်သမားများ၊ ထက်မြက်သော အရာရှိများ

မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေးဇုန်များ သို့မဟုတ် သီးနှံဇုန်များ တည်ထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်သည့် အလားအလာများ ရှိပါသည်။ ဆင်းရဲသော လယ်သမားများ သို့မဟုတ် တောင်သူများ၏ လူမှုဘဝ မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည့် လုပ်ငန်းစဉ်/နည်းလမ်း တစ်ခုဟု ယူဆနိုင်ပါသည်။ အရည်အသွေး ပြည့်မီသော လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့မှု တိုးမြှင့်ရေးအတွက်သော်လည်းကောင်း၊ ပြည်တွင်းဈေးကွက်၌ ရောင်းလိုအားကို သင့်တင့်မျှတစေပြီး ဈေးနှုန်း တည်ငြိမ်စေရေးအတွက် သော်လည်းကောင်း အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

သီးနှံဇုန်စီမံကိန်းများ ဆောင်ရွက်လိုသည်ဆိုပါက တည်ထောင်ရသည့် အကြောင်းရင်းများ၊ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ စသည်တို့ကို ရှင်းလင်းစွာ သတ်မှတ်ရမည်ဖြစ်ပါသည်။ သို့မှသာ သီးနှံဇုန်စီမံကိန်းအတွက် အလားအလာရှိသည့် သီးနှံနှင့် စိုက်ပျိုးရန် သင့်လျော်သော ဒေသကို မှန်ကန်စွာ ရွေးချယ်နိုင်ပါမည်။ ဖြစ်နိုင်ချေရှိသည့် အကျိုးအပြစ်များကို သုံးသပ်ဖော်ထုတ်၍ စီမံချက်များကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင်များ၊ ကျွမ်းကျင်သူများ၊ ပုဂ္ဂလိက ကဏ္ဍတို့ ညှိနှိုင်းဆွေးနွေး၍ ဖြစ်နိုင်ချေရှိသည့် သီးနှံနှင့် ဒေသကို သတ်မှတ်ပြီးနောက် သက်ဆိုင်ရာဒေသရှိ လယ်သမားများ/ တောင်သူများ/ စိုက်ပျိုးသူများအား စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါမည်။ ထို့နောက် သီးနှံဇုန် စီမံကိန်းတွင် ပါဝင်ပတ်သက်သူများအားလုံး၏ အသိပညာ၊ အတွေ့အကြုံ၊ ကျွမ်းကျင်မှုများဖြင့် ညှိနှိုင်း ပေါင်းစပ်၍ ဒေသအလိုက်၊ သီးနှံအလိုက် စီမံချက် ရေးဆွဲ အကောင်အထည်ဖော်မည် ဆိုပါက အောင်မြင်နိုင်ပါသည်။

သီးနှံဇုန်စီမံကိန်းများကို မည့်သည့်ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည်ဖြစ်စေ ရှင်းလင်းသော မူဝါဒ၊ အလားအလာရှိသည့် သီးနှံ၊ သင့်လျော်သော ဒေသ၊ လိုအပ်သော အခြေခံအဆောက်အဦ၊ပူးပေါင်းဆောင်ရွက်မှု စသည်တို့သည် စီမံကိန်း အောင်မြင်မှုအတွက် အဓိကကျသောအချက်များဖြစ်ပါသည်။ထို့ပြင်မမျှော်မှန်းနိုင်သည့် အကြောင်းရာများကြောင့် ပြည်တွင်း/ ပြည်ပ ဝယ်လိုအား တည်ငြိမ်မှု ပျက်ပြားခြင်း၊ လယ်ယာထွက်ကုန်ဈေးနှုန်းများ ထိုးကျခြင်း စသည်တို့ ဖြစ်ပေါ်ပါက ထိခိုက်မှု လျော့နည်းစေရန် ဆောင်ရွက်မည့်နည်းလမ်းများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

သီးနှံဇုန် စီမံကိန်းကို ကျင့်သုံးမည်ဆိုပါက ဖြစ်နိုင်ချေ အများဆုံး ဒေသတစ်ခု သို့မဟုတ် သီးနှံကိုသာ ရွေးချယ်၍ ရှေ့ပြေးစီမံကိန်းအဖြစ် စတင် စမ်းသပ် ဆောင်ရွက်သင့်ပါကြောင်း၊ သီးနှံဇုန်စီမံကိန်းအနေဖြင့် မဟုတ်ဘဲ လယ်သမားများအား ၎င်းတို့၏ စိုက်ပျိုးမြေများတွင် သင့်လျော်သော သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် သက်ဆိုင်ရာ ကျွမ်းကျင်သူများမှ တစ်ဆင့် ဆွဲဆောင်စည်းရုံးသင့်ပါကြောင်း၊ သီးနှံအလိုက် သင့်လျော်သော စိုက်ပျိုးမြေများတွင် စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူများ၏ ဝင်ငွေတိုးတက်စေနိုင်ခြင်းမှသည် လယ်ယာထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်စေနိုင်ပါကြောင်း တင်ပြအပ်ပါသည်။